# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ၏ ခေါင်းစဉ်စကားရပ် နှင့် ပုဒ်မခွဲ (က) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့က တာဝန်ပေးအပ်သူ တစ်ဦး၊" ဥက္ကဋ္ဌ

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" ဆိုသည့်စကားရပ်၏ ရှေ့တွင် "နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃-က။ ပုဒ်မ ၃၇ပါ လိုက်နာရန်တာဝန်ရှိသူ မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။"

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ တွင်ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့်စကားရပ်ကို "ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ တွင်ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

> "၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် တစ်ဆယ်သိန်း ချမှတ်ရမည်။ လျော်ကြေး ပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သော ငွေကိုလျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄ ၏ နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

> "၅၄-က။ ပုဒ်မ ၄၂ ပါတားမြစ်ချက်မှအပ ဤဥပဒေပါ အခြားတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်